မတ်လ ၁၇ ရက်၊ ၂၀၁၁ ခုနှစ်။

**သတင်းထုတ်ပြန်ချက်**

## စစ်အစိုးရက ကရင်နီပြည်နယ်ထဲတွင် ဆည်ဆောက်လုပ်ရေးလုပ်ငန်းများဖြင့်တိတ်တဆိတ် ထိုးစစ်ဆင်နေခြင်း

ကရင်နီပြည်နယ်အတွင်းရှိ သံလွင်မြစ်နှင့် ၎င်း၏မြစ်လက်တက်များပေါ်တွင် ဆည်များတည်ဆောက်ရန် အစီအစဉ်ရှိပြီး၊ တရုတ်နိုင်ငံ၏ အကြီးစားရေအားလျှပ်စစ်ကုမ္ပဏီကြီးတခုဖြစ်သည့် ဒါးတန်း (Datang) ကော်ပိုရေးရှင်းမှ အင်ဂျင်နီယာများက မြန်မာစစ်အစိုးရ၏ လက်နက်ကိုင် အစောင့်အကြပ်များနှင့်အတူ တိတ်တဆိတ် တိုင်းထွာစစ်ဆေးမှုများစတင်နေပြီဟု ဒေသခံ သုတေသီများက ပြောဆိုကြပါသည်။

ကရင်နီ ဖွံ့ဖြိုးရေးသုတေသနအဖွဲ့ (KDRG) က လျှို့ဝှက်ဆောင်ရွက် တည်ဆောက်နေသော ဆည် ၃-ခုအကြောင်းကို ဖော်ထုတ်ခဲ့ပြီး၊ ယနေ့တွင်ပင် ဆန့်ကျင်လှုပ်ရှားမှု ကမ်ပိန်းကို စတင်ခဲ့ပါသည်။ ဤဆည်များကြောင့် ပြည်နယ်တွင်းရှိ ရေလမ်းများ ပိတ်ဆို့စေမည်ဖြစ်ပြီး၊ စစ်အစိုးရ တင်းကျပ်ထိန်းချုပ်မှုများလည်း ပိုမိုကြုံတွေ့ရဖွယ် ရှိနေပါသည်။ ပြည်တွင်းစစ်ကြောင့် အတိဒုက္ခရောက်နေကြရသည့် ပြည်သူများအဖို့ အကျယ်အပြန့် ထပ်၍ အခြေပျက်စရာ အခြေအနေကြုံတွေ့ရဦးမည် ဖြစ်သည်။

ထိုင်းနိုင်ငံ မဲဟောင်ဆောင်မြို့မှ ၆၀ ကီလိုမီတာအကွာရှိနေရာ ရွာသစ်ကျေးရွာတွင် သံလွင်မြစ်ပေါ်၌ ၆၀၀ မဂ္ဂါဝပ်ထုတ်ပေးမည့် အကြီးစားရေအားလျှပ်စစ်လုပ်ငန်းတခုကို တည်ဆောက်ရန် ရှိနေပြီး၊ မြစ်အညာတွင် ရှမ်းပြည်နယ်တိုင် ရေလွှမ်းမိုးခံရမည် ဖြစ်သည်။ ဤနေရာများသည် စစ်အစိုးရတပ်ဖွဲ့များ၏ အဆက်မပြတ်ဆောင်ရွက်နေသည့် ထိုးစစ်များကြောင့် လူများထွက်ပြေးပုန်းအောင်းနေရကာ လူဦးရေကျဲပါးလာနေသည့်ဒေသများ ဖြစ်သည်။ ပြည်နယ်၏ အသည်းနှလုံးနေရာကို ဖြတ်သန်းစီးဆင်းသွားသည့် ပွန်မြစ်ပေါ်တွင်လည်း ၁၃၀ မဂ္ဂါဝပ်ထုတ်လုပ်ပေးမည့် ရေအားလျှပ်စစ် ဆည်စီမံကိန်းတခုကို တည်ဆောက်ဦးမည် ဖြစ်ပြီး၊ ၎င်းဒေသရှိ လူဦးရေ ၁,၀၀၀ မျှသာ ကျန်ရှိတော့သော ယင်းတလဲလူမျိုးများအပေါ် ဆိုးကျိုးသက်ရောက်မှုများ မုချရှိလာစေမည် ဖြစ်သည်။ ကရင်နီပြည်နယ်၏မြို့တော် လွိုင်ကော်မြို့ မြောက်ဖက်၊ သဖက်ချောင်းပေါ်တွင်လည်း ၁၁၀ မဂ္ဂါဝပ် ထုတ်ပေးမည့် ရေအားလျှပ်စစ်ဆည်တခုကို ထပ်၍ တည်ဆောက်မည်ဟု လျာထားသေးသည်။

"ကျနော်တို့ကို ဆည်ဆောက်မယ့်နေရာတွေအနီး ဘယ်နေရာကိုမှ သွားခွင့်မပြုဘူး" ရွာသစ်ကျေးရွာမှ ရွာသားတဦးက ပြောပါသည်။ "တရုတ်လူမျိုးတချို့က စစ်သားတွေနဲ့အတူ ထူးထူးဆန်းဆန်း ပစ္စည်းကိရိယာတွေနဲ့ သွားလာနေကြတယ်။ ဘာတွေဖြစ်နေမှန်း ကျနော်တို့လည်း မသိရဘူး" ဟု ပြောပြသည်။

ဤဆည်များမှ ထုတ်လုပ်မည့်ရေအားလျှပ်စစ်ကို မည်သို့ အသုံးချမည်ကို မသိရှိရသေးပါ။ သို့သော်လည်း ဒေသခံပြည်သူများက သူတို့ ခံစားခွင့်ရှိမည်မဟုတ်ဟု စိုးရိမ်နေကြပါသည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှင့် အဓိကရေအားလျှပ်စစ်လုပ်ငန်းဖြစ်သည့် လောပိတရေအားလျှပ်စစ်စီမံကိန်းကြောင့်လည်း ဒေသခံပြည်သူများ ဘဝပျက် ဒုက္ခကြုံတွေ့ခဲ့ကြရပြီး၊ အကျိုးအမြတ်ဟူ၍ လုံးဝမရှိခဲ့ကြသည့် ခါးသည်းသည့် အတွေ့အကြုံများ ခံစားနစ်နာခဲ့ကြရပြီ ဖြစ်သည်။

ရွှာသစ်ဆည်သည် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံရှိ ကုမ္ပဏီများတို့က သံလွင်မြစ်မကြီးနှင့် ၎င်း၏ မြစ်လက်တက်များပေါ်တွင် တည်ဆောက်ရန် လျာထားသော ဆည် ၇-ခုအနက်မှ တခု ဖြစ်ပါသည်။ ဤဆည်များတည်ဆောက်မည့်နေရာသည် ပြည်တွင်းစစ် ဖြစ်ပွားနေဆဲနေရာအတွင်း ကျရောက်နေပြီး၊ ၎င်းတည်ဆောက်ရေးလုပ်ငန်းများကြောင့် ဒေသခံပြည်သူများ၏ မကျေနပ်မှုများ၊ ဒေသတွင်း မတည်ငြိမ်မှုများ တိုးပွားလာရန် အကြောင်း ရှိနေပါသည်။

"စစ်တပ်တွေက ဒီနားမှာ တိုက်ခိုက်နေကြတာ၊ လူတွေကလည်း အသက်နဲ့ရင်း ထွက်ပြေးနေကြရတာ ဒီနေရာမှာ ပုံမှန် စီးပွားရင်းနှီးမြှုပ်နှံနိုင်မယ်လို့ ဘယ်လို ရင်းနှီးမြှုပ်နှံသူတွေက ယူဆနေကြမှန်း မသိဘူး" KDRG အဖွဲ့မှ တော်ရယ်က ပြောသည်။ "သူတို့ အခုဆည်ဆောက်နေတဲ့နေရာက အန္တရာယ်တွေကို သူတို့ သိရှိလာပြီး၊ အခု လုပ်ငန်းတွေအားလုံးကို ချက်ချင်း ရပ်ဆိုင်းသင့်ပါတယ်" ဟု သူက ပြောသည်။

ဒါးတန်းကော်ပိုရေးရှင်း (Datang Corporation) သည် ကုလသမဂ္ဂ၏ Global Compact ခေါ် ကမ္ဘာတဝှမ်းလုံးက သဘောတူညီလက်ခံထားကြသည့် လူ့အခွင့်အရေး၊ သဘာဝ ဂန်းကျင်၊ လုပ်အားစံနှုန်းစသည့် မူဝါဒများကို လက်ခံလိုက်နာပါမည်ဟု ကတိကဝတ်ပြု လက်မှတ်ရေးထိုးအဖွဲ့ဝင်ပြုထားသည့် စီးပွားရေးလုပ်ငန်း ကုမ္ပဏီတခု ဖြစ်ပါသည်။

**ဆက်သွယ်ရန်။** ခူးသောရယ် (Khu Thaw Reh) ဖုန်း (+66) 82 163 5091 နှင့် ထူးမိုး (+66) 821811921
*သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက www.burmariversnetwork.org နှင့် www.salweenwatch.org အင်တာနက် စာမျက်နှာများကို ကြည့်ရှုပါရန်။*